

# လျှော့မှာလား၊ ချုပ်ကိုင်မှာလား

## ကို ဦးစီးစနစ် ဖြေလျှော့ခြင်း၏ အားသာချက်များ)

### ပြာချစ်စော (MDRI/CESD)

*ရေးသူသည် မြန်မာ့ဖွံ့ဖြိုးတိုးတက်ရေး အရင်းအမြစ် အဖွဲ့အစည်း၊ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေး*
*RI/CESD အဖွဲ့၏ တွဲဖက်သုတေသီ တစ်ဦးဖြစ်ပြီး ဤဆောင်းပါးမှာ သူ၏ကိုယ်ပိုင်အမြင်သာ ဖြစ်သည်)*

တာတွင် ဗဟို ဦးစီးစနစ် ဖြေလျှော့ခြင်း
lization ကိစ္စရပ်များကို တော်တော် ကျယ်ကျယ်
လာကြပါတယ်။ နိုင်ငံအတော်များများမှာလည်း
န် အကြံပြုနေကြပါတယ်။ ဒီစနစ်ကို အသုံးပြုဖို့

" မြန်မာနိုင်ငံ အနေဖြင့်

ငွေကို လျှော့ချပြီး ဒေသန္တရ ဘတ်ဂျက် အချိုးကျ ပါဝင်မှု တိုးမြှင့်ရပါမယ်။

၂။ ဒေသန္တရ အစိုးရများသည် ၎င်းတို့၏ ဒေသန္တရဘဏ္ဍာငွေ တည်ငြိမ်မှုအတွက်လည်း နည်းစနစ်ကျသော ဖော်မြူလာ ... (formula based

အင်ဒိုနီးရှားနိုင်ငံ၏ အအောင်မြင်ဆုံး မူဝါဒများတွင် Big Bang ပေါ်လစီဟုခေါ်သော အုပ်ချုပ်ရေးစနစ်ကို ဖြေလျှော့ပြီး အောက်ခြေအစိုးရများလက်ထဲသို့ လုပ်ပိုင်ခွင့် အာဏာများ ပိုမို ထည့်ပေးသည့် မူဝါဒလည်း တစ်ခု အပါအဝင်ဖြစ်ပါတယ်။ ထိုမူဝါဒ အစီအစဉ်များအရ အင်ဒိုနီးရှားသည် အုပ်ချုပ်မှုအာဏာ ဖြေလျှော့သော ဥပဒေ နစ်ခုကို ၁၉၉၉ ခုနှစ်တွင် ချမှတ်ပြီး ၂၀၀၁ ခုနှစ် ဇန်နဝါရီလတွင် ခရိုင် ၂၆၈ ခရိုင်၊ ပြည်နယ် ၃၃ ပြည်နယ်နှင့် ကျေးရွာ ၃၅၀,၀၀၀ ရွာတို့တွင် စတင် ကျင့်သုံးခဲ့သည်။

အောက်ပါ အချက်တွေကြည့်လျှင် အဓိကအားဖြင့် အင်ဒိုနီးရှားရဲ့ ဗဟိုချုပ်ကိုင်မှုစနစ် အောင်မြင်ရခြင်း အကြောင်းရင်းတွေကို သိရှိနိုင်ပါတယ်။

**၁။** အုပ်ချုပ်မှုစနစ် ဖြေလျှော့ပြီး အောက်ခြေ အစိုးရများ လက်ထဲသို့ လုပ်ပိုင်ခွင့်များ ပေးအပ်လာတယ်၊

**၂။** ဘဏ္ဍာရေးဆိုင်ရာ လုပ်ပိုင်ခွင့်များ ပိုမိုရရှိလာတယ်။

**၃။** ဗဟိုဦးစီးစနစ် ဖြေလျှော့ခြင်းကို အဓိက လုပ်ဆောင်မည့် အစိုးရအရာရှိများကို ပြည်ထောင်စုအဆင့်နှင့် ပြည်နယ် အဆင့်များတွင်ထားရှိပြီး လုပ်ပိုင်ခွင့်များ ပေးလာတယ်။

**၄။** ဒေသအဆင့် ကောင်စီနှင့် မြို့တော်ဝန်များ ရွေးချယ်ရာမှာလည်း ဒေသရွေးကောက်ပွဲတွေကို ဒေသခံအုပ်ချုပ်ရေး အဖွဲ့အစည်းများက ဦးစီး ဆောင်ရွက်လာတယ်။ ဒါတွေကို ကြည့်ရင် ဒေသမှာရှိတဲ့ ပြည်သူတွေဟာ ဒေသအစိုးရနှင့် အုပ်ချုပ်ရေး အဖွဲ့တွေအကြား ယုံကြည်မှု ပူးပေါင်းပါဝင်မှုတွေ မြင့်တက်လာပြီး အောင်မြင်မှုတွေ ရလာတယ်ဆိုတာ သိသာပါတယ်။

ဒီ အင်ဒိုနီးရှား ဥပမာကိုကြည့်လျှင် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ရန်အတွက် တိကျပြတ်သားသော ဥပဒေများ၊ နည်းဥပဒေများနှင့် လုပ်ထုံးလုပ်နည်းများကို အရင်ဆုံး ချမှတ်ပြီး ဆောင်ရွက်ကြောင်း တွေ့ရမှာ ဖြစ်ပါတယ်။ ဒါကြောင့် မြန်မာနိုင်ငံဟာလည်း အင်ဒိုနီးရှား နမူနာယူပြီး တိကျပြတ်သားသော၊ အောက်ခြေအဆင့်အထိ အလုံးစုံ ပူးပေါင်း ပါဝင်ရေးဆွဲထားသော ဗဟိုချုပ်ကိုင်မှု ဖြေလျှော့သည့် ဥပဒေများ၊ နည်းဥပဒေများ၊ လုပ်ထုံးလုပ်နည်းများကို အမြန်ဆုံး ပြဋ္ဌာန်းလုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအသစ် နောက်ပိုင်း လက်ရှိ

...အဓိကတိုက်တွန်းရသည့် အကြောင်းရင်းကတော့ ...ဘာ်၏ စွမ်းဆောင်ရည် မြင့်တက်စေဖို့အတွက် ...တယ်။ အထူးသဖြင့် အောက်ခြေအဆင့်မှာ ရှိတဲ့ ...ပြည်သူတွေရဲ့ ဘဝတွေ မြင့်တက်လာဖို့ ဒေသခံ ...တွေ၊ လွှတ်တော်တွေ၊ သက်ဆိုင်ရာ အဖွဲ့အစည်းတွေ ...လုံး ပူးပေါင်း ပါဝင်ဆောင်ရွက်မှပဲ မြင့်တက်လာမှာ ...တယ်။ နိုင်ငံတစ်နိုင်ငံ၏ စွမ်းဆောင်ရည်နှင့် ...က်ပြီး တိုင်းတာချင်ရင် နိုင်ငံရေး ကိုယ်စားပြုမှုကစပြီး ...မာရေး ပညာရေး စသည့် အဓိကကျသော ပြည်သူ့ ...ဘင်မှုများ၏ ရလဒ်များအထိ ပါဝင်ပါတယ်။

...ကျွန်မတို့ စီးပွားရေးနှင့် လူမှုဖွံ့ဖြိုးတိုးတက်ရေးအဖွဲ့ ...D သည် ယခင်လက 'မြန်မာနိုင်ငံ ပြည်နယ်နှင့် ဒေသကြီးများရှိ အုပ်ချုပ်မှုစနစ်' 'State and ...on Governments in Myanmar' ဆိုတဲ့ သုတေသန ...မ်းတစ်စောင် ထွက်ရှိခဲ့ပါတယ်။ အဲဒီ စာတမ်းသည် ...-၁၃ ခုနှစ်အတွင်း ချင်းပြည်နယ်၊ ရှမ်းပြည်နယ်၊ ...ယ်နယ်၊ ကရင်ပြည်နယ်၊ တနင်္သာရီတိုင်းနှင့် ဧရာဝတီ ...ကို၏ အစိုးရများနှင့် လွှတ်တော်များကို အဓိကထားပြီး ...ဘထားတာဖြစ်ပါတယ်။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံနောက်ပိုင်း ...ပါက်လာသော ပြည်နယ်နှင့်တိုင်းဒေသကြီး အစိုးရများ၊ ...တော်များ၊ နိုင်ငံရေးပါတီများနှင့် အရပ်ဘက် လူမှု ...ဖစည်းများ စသည့် အခင်းအကျင်း အသစ်များ၏ ...ရှိ အခြေအနေများကို လေ့လာထားခြင်းလည်း ...တယ်။ တစ်နည်းအားဖြင့် institutions အသစ်များ၏ ...ရေး အုပ်ချုပ်ရေးနှင့် ဘဏ္ဍာရေးဆိုင်ရာ အခန်းကဏ္ဍ ...ဗဟိုဦးစီးစနစ် ဖြေလျှော့ပုံ အနေအထားကို သုံးသပ် ...ပါတယ်။

## ...လျှော့ရာမှာ စဉ်းစားရမယ့်အချက်များ

...ဒီ ဗဟိုဦးစီးစနစ် ဖြေလျှော့ရေးအတွက် မူဝါဒရေးဆွဲတဲ့ ...မှာ အောက်ပါအချက်တွေကို ထည့်သွင်း စဉ်းစားကြဖို့ ...ဖ်ပါတယ်။

... တစ်နိုင်ငံလုံး ဒါမှမဟုတ် ဒေသ အတိုင်းအတာဖြင့် ...းတိုးတက်မှုများ ရရှိလာစေဖို့။

... ပိုမိုမြန်ဆန် ထိရောက် ဈေးသက်သာသော ပြည်သူ့ ...ဆောင်မှုများ ပေးနိုင်ဖို့။

... ပြည်ထောင်စု အစိုးရမှ ကျခံနေရသော ဒေသန္တရ ...ဆောင်မှုများအတွက် ကုန်ကျစရိတ်များကို လျှော့

> **ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်း စနစ်ကို နမူနာယူစရာ နိုင်ငံ အဖြစ် အာဆီယံ ဒေသ အတွင်းရှိ အင်ဒိုနီးရှားနိုင်ငံ၏ ပုံစံကို လေ့လာနိုင်ပါတယ်**

(ဃ) ပြည်ထောင်စု အစိုးရကို ပိုမို ယုံကြည် ထောက်ခံ အားပေးမှုများ ရရှိလာဖို့။

(င) ဒေသန္တရ လိုအပ်ချက်များကို အခြေခံပြီး စီမံကိန်းများ၊ ဘတ်ဂျက်များ ရေးဆွဲဖို့နှင့် ဒေသခံပြည်သူများ ပူးပေါင်း ပါဝင်ဖို့။

(စ) ကုန်ကျစရိတ်များပြီး အသုံးမဝင်တဲ့ စီမံကိန်းများကို လျှော့ချဖို့နှင့် ဒေသဆိုင်ရာ တီထွင် ဖန်တီးဆန်းသစ်မှုများ ကိုလည်း စီမံကိန်းများအတွင်း ထည့်သွင်း ရေးဆွဲနိုင်ဖို့။

(ဆ) နိုင်ငံတစ်ခုလုံးကို ပေါင်းစည်းဖို့နှင့် ပြည်ထောင်စု အစိုးရ အတွင်းမှ ခွဲထွက်မှု (disintegration of central government) များ တားဆီးဖို့တို့ကို ထည့်သွင်း စဉ်းစားကြရ ပါမယ်။

## ဖြေလျှော့ခြင်း၏အောင်မြင်မှုကိုဘယ်လိုတိုင်းမလဲ

ဗဟိုချုပ်ကိုင်မှု ဖြေလျှော့မှုစနစ်၏ အောင်မြင်မှု၊ ကျဆုံးမှု များကို တိုင်းတာရာမှာ အောက်ပါ အချက်များကလည်း အရေးကြီးပါတယ်။ အရေးအကြီးဆုံးကတော့ ဒေသန္တရ ဘဏ္ဍာရေး အခြေအနေနှင့် အုပ်ချုပ်ရေး လုပ်ပိုင်ခွင့်၊ နိုင်ငံရေး လုပ်ပိုင်ခွင့်တွေ ဘယ်လောက် ရရှိနေတာလဲ ဆိုတာပဲ ဖြစ်ပါတယ်။

## ဒေသန္တရ ဘဏ္ဍာရေးကဏ္ဍ တိုင်းတာချက်

၁။ ဒေသန္တရ အစိုးရများသည် ဒေသအခွန်ကို ၎င်းတို့ဒေသ အရင်းအမြစ်များမှ ရယူရပါမယ်။ အဓိက ကတော့ ကိုယ့်ဒေသ ဘဏ္ဍာ ကိုယ့်ဘာသာရှာဖို့ပါ။ ဒေသ ဘဏ္ဍာ တိုးမြင့်လာဖို့အတွက် ပြည်ထောင်စု အစိုးရက ထောက်ပံ့သော ... transfers) နှင့် ဝင်ငွေရဖို့အတွက်လည်း အရင်းအမြစ် အသစ်များကို တိုးမြှင့်ရပါမယ်။

၃။ ဒေသန္တရ အစိုးရ၏ ဘဏ္ဍာရေးစနစ်သည် သီးခြား လွတ်လပ်စွာ တည်ရှိရပါမယ်။ အဲဒီလို တည်ရှိဖို့ အတွက်လည်း လုံလောက်တဲ့ ဘဏ္ဍာငွေကို ပြည်ထောင်စုက လွှဲပြောင်းပေးရပါမယ်။

## ဒေသန္တရပြည်သူ့ဝန်ဆောင်မှုတိုင်းတာချက်

၄။ ဗဟိုချုပ်ကိုင်မှုစနစ် ဖြေလျှော့ခြင်းဖြင့် ဒေသန္တရ ပြည်သူ့ဝန်ဆောင်မှုများ တိုးမြှင့်လာမှာ ဖြစ်ပါတယ်။

၅။ ဗဟိုချုပ်ကိုင်မှုစနစ် ဖြေလျှော့ခြင်း ဖြစ်စဉ်နှင့် ဒေသန္တရ ပြည်သူ့ဝန်ဆောင်မှုများကို အကဲဖြတ်ခြင်းကိုလည်း ဒေသခံ ပြည်သူများအကြားတွင် စစ်တမ်းများ ကောက်ခံခြင်း၊ လူမှုရေးရာ စာရင်းစစ် အကဲဖြတ်ခြင်းများ ပြုလုပ်ခြင်းဖြင့် အကဲဖြတ်နိုင်ပါတယ်။

၆။ နောက်ဆုံးအချက်အနေဖြင့် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်းသည် ဒေသန္တရ အစိုးရများ၏ လုပ်ပိုင်ခွင့်များ အထူးသဖြင့် အလုပ်ခန့်ထားရေး၊ ပြောင်းရွှေ့ရေးနှင့် မူဝါဒများ တိုးတက် လုပ်ပိုင်ခွင့် ရရှိလာသဖြင့် ဒေသန္တရ အစိုးရများနှင့် ဒေသခံ ပြည်သူများ အကြားတွင် တာဝန်ခံမှု တာဝန်ယူမှုများ တိုးတက်လာပြီး ယုံကြည်မှု မြင့်တက်လာစေသည်။

## အင်ဒိုနီးရှား ဥပမာ

ဆက်လက်ပြီး မြန်မာနိုင်ငံ အနေဖြင့် ဗဟိုချုပ်ကိုင်မှု ဖြေလျှော့ခြင်း စနစ်ကို နမူနာယူစရာ နိုင်ငံအဖြစ် အာဆီယံ ဒေသအတွင်းရှိ အင်ဒိုနီးရှားနိုင်ငံ၏ ပုံစံကို လေ့လာနိုင်ပါတယ်။ အင်ဒိုနီးရှားနိုင်ငံသည် အမေရိကန် အပြည်ပြည်ဆိုင်ရာ ဖွံ့ဖြိုးရေး အေဂျင်စီ USAID က ဗဟိုချုပ်ကိုင်မှုစနစ် ဖြေလျှော့ခြင်း ဖြစ်စဉ်ကို ကျင့်သုံးသော နိုင်ငံများတွင် အမြန်ဆန်ဆုံးနှင့် ဘက်ပေါင်းစုံ တိုးတက်မှုအဖြစ်ဆုံး နိုင်ငံအဖြစ် သတ်မှတ်ထားသော နိုင်ငံလည်း ဖြစ်ပါတယ်။

တိုင်းဒေသကြီးများ အ... အစိုးရများ၊ လွှတ်တော်များ ဖွဲ့စည်းပြီး နိုင်ငံရေးအရ သော်လည်းကောင်း၊ အုပ်ချုပ်ရေး အရ သော်လည်းကောင်း၊ ဘဏ္ဍာရေးအရသော်လည်းကောင်း လုပ်ပိုင်ခွင့် အခန်းကဏ္ဍများ သတ်မှတ်ဆောင်ရွက်လာပြီဖြစ်ပါတယ်။ ဒီလို ဆောင်ရွက်ရာမှာလည်း ကြုံတွေ့ရမယ့် အခက်အခဲများ၊ စိန်ခေါ်မှုများလည်း အများအပြား ရှိနေပါတယ်။ ဒါကြောင့် ဗဟိုဦးစီးစနစ် ဖြေလျှော့ရာမှာ အထက်ပါ အားသာသည့်အချက်များကို အစဉ် ထည့်သွင်းစဉ်းစားပြီး နိုင်ငံတကာ အတွေ့အကြုံများကို မှီငြမ်း လေ့လာကာ ရင်ဆိုင်လာရမည့် အခြေအနေများကို ကြိုတင် မျှော်လင့် ပြင်ဆင်ကြရမှာ ဖြစ်ပါတယ်။ ■

**ရည်ညွှန်း** : *Geroge M. Guess (Open Society Institute)* ရေးသားသော *Comparative Decentralization Lessons from Pakistan, Indonesia and the Philippines)* ကို ရည်ညွှန်း ရေးသားပါသည်။

